## သတင်းစာဆရာကြီးဦးဝင်းတင်အား ထောင်မှလွှတ်ပေးခြင်းနှင့်ပတ်သက်၍

## ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်

အမှတ် (၅/၂၀၀၈)

(၂၄ – ၉ – ၂၀၀၈)

သတင်းစာဆရာကြီးဦးဝင်းတင်ကို ဖမ်းထားပြီး ၁၉ နှစ်ကျော်အကြာမှာ နအဖ အစိုးရက လွှတ်လိုက်ပါပြီ။

ဤသည်မှာ ပြည်သူလူထုအတွက် အားကောင်းပြီး အရေးပါသည့် တိုက်အားတခု တိုးလာတာခြင်းပင် ဖြစ်သည်။ ယနေ့ နိုင်ငံရေးအခြေအနေအရ မျှော်လင့်တုန်းကြော့ဆုံးပေါ်လာသည်မျိုးဖြစ်သဖြင့် ပြည်သူတွေ အလွန်ပင်ရွှင်လန်းအားတက်ကြမည်မှာ သေချာပါသည်။

သို့သော် နအဖ အစိုးရက ဦးဝင်းတင်အား ၄၀၁ ဖြင့် လွှတ်ပေးသည်ဟူသည့်အဖြစ်မျိုး ရောက်ရန် ယုတ်မာစွာကြံစည်ခဲ့ခြင်းကို ပြတ်ပြတ်သားသားရှုတ်ချလိုက်ပါသည်။ နောင်တွင် နိုင်ငံရေးအကျဉ်းသားများ အပေါ် ဤသို့ကောက်ကျစ်စွာ အမြတ်မထုတ်ရန် နအဖ အစိုးရကို သတိပေးလိုပါသည်။

နအဖ အနေဖြင့် သူတို့၏စိတ်ရင်းစေတနာနှင့် အခြေခံရိုးသားမှုကို ဖော်ပြလိုပါက အကျဉ်းထောင်များအတွင်းရှိ ပြစ်ဒဏ်ကျ ပြီးသူ၊ မကျသေးသူ၊ နိုင်ငံရေးအကျဉ်းသားမှန်သမျှနှင့် အိမ်ချုပ်ချထားသူတွေကို အမြန်ဆုံး လွှတ်ပေးရမည် ဖြစ်သည်။ ထို့ပြင် သူတို့အား မိမိတို့ယုံကြည်သောနိုင်ငံရေးအား လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးရမည် ဖြစ်ပါသည်။